
mgyoe.com SAMPLE BOOK



လူငယ်တွေပဲ ဖတ်ဖတ်...

လူကြီးတွေပဲ ဖတ်ဖတ်...

နည်းနည်းဖတ်ပြီး များများတွေးဖို့...

ဦးဘုန်း(ဓာတု)

# ကြက်ရိုးဒဿန

ဒုတိယအကြိမ်

mgyoe.com

mgyoe.com
SAMPLE BOOK

# ကြက်ရိုးဒဿန

## ဦးဘုန်း(ဓာတု)

ခေါင်းဆောင်ကောင်းဆိုတာ
ငွေကြေးချမ်းသာဖို့ထက်
ဂုဏ်သိက္ခာချမ်းသာဖို့က ပိုပြီး အရေးကြီးတယ်

ခေါင်းဆောင်ကောင်းဆိုတာ
အုတ်ရိုးနဲ့တည်ဆောက်ထားတဲ့ နန်းတော်ကြီး ပိုင်ဆိုင်ဖို့ထက်
ပြည်သူ့နှလုံးသားနဲ့ တည်ဆောက်ထားတဲ့
မေတ္တာနန်းတော်ကြီး ပိုင်ဆိုင်ဖို့ ပိုပြီး အရေးကြီးတယ်

ခေါင်းဆောင်ကောင်းဆိုတာ
စိန်တွေ ရွှေတွေ စီခြယ်ထားတဲ့
သရဖူကို ဦးခေါင်းမှာ ဆင်မြန်းဖို့ထက်
အကျင့်သီလ သန့်စင်ခြင်းဆိုတဲ့ ခေါင်းပေါင်းကိုသာ
ဦးခေါင်းမှာ ဆင်မြန်းဖို့ ပိုပြီး အရေးကြီးတယ်

ခေါင်းဆောင်ကောင်းဆိုတာ
ကိုယ်မွေးထားတဲ့ သားသမီးတွေက ကိုယ့်ကိုချစ်ဖို့ထက်
တိုင်းသူပြည်သားတွေက ကိုယ့်ကိုချစ်ဖို့ ပိုပြီး အရေးကြီးတယ်

mgyoe.com

9 720171 901074

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

လင်းလွန်းခင်စာပေ

တိုက်-၁၀/D၊ ပထမထပ်(လယ်)
လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၂၂၀ ၁၇၃၀၊ ၀၉ ၂၅၄ ၅၅၀၈၆၃၊ ၀၉ ၄၂၀ ၁၄၅၂၃၁

mgyoe.com

mgyoe.com SAMPLE BOOK

အကြံပြု၊ ဝေဖန်စာများ ရေးသားပေးပို့လိုပါလျှင်


ဦးဘုန်း မောတု၊
သံယောဇဉ်နွယ်ဂေဟာ
ယ/၅၊ ခြံအမှတ် (၄၂)၊
လမ်းသွယ် (၆၉/အေ)၊ မြဝတီမင်းကြီးလမ်း၊
အရှေ့ကျွဲဆည်ကန်၊ မန္တလေး။
ဖုန်း (စာရေးသူ) - ၀၉ ၇၉၇၂၇၉၄၂၂၊ ၀၉ ၄၄၄၀၂၆၄၀၉
ဖုန်း (အိမ်) - ၀၉ ၇၉၈၆၇၈၉၀၁
ဖုန်း (မန်နေဂျာ) - ၀၉ ၇၉၈၆၇၈၉၀၀၊ ၀၉ ၄၅၆၇၈၅၆၃၄

mgyoe.com

mgyoe.com



SAMPLE BOOK



လူငယ်တွေပဲ ဖတ်ဖတ်...
လူကြီးတွေပဲ ဖတ်ဖတ်...
နည်းနည်းဖတ်ပြီး များများတွေးဖို့...

ဦးဘုန်း(ဓာတု)

# ကြက်ရိုးဒဿန

ဒုတိယအကြိမ်

mgyoe.com

mgyoe.com SAMPLE BOOK

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ။
ဒုတိယအကြိမ်၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ။

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဒေါ်ခင်ဝင်းစိန် (လင်းလွန်းခင်စာပေတိုက်) (၀၃၃၂၇)
တိုက်(၁၀/D)၊ ပ-ထပ်(လယ်)၊ လိပ်ကန်ပန်းခြံဈေး၊
လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်။

ပုံနှိပ်သူ
မျိုးမျိုးပုံနှိပ်တိုက် (၀၁၅၃၃)၊ ဒေါ်မျိုးမျိုးသန့်၊
အမှတ်(၁၁)၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ဗဂျီလင်းဝဏ္ဏ

အတွင်းသရုပ်ဖော်
ဝင်းကို

တန်ဖိုး
၇၅၀၀ ကျပ်

၀၀၈.၈၄
ဦးဘုန်း(ဓာတု)
ကြက်ရိုးဒဿန /ဦးဘုန်း(ဓာတု)
- ရန်ကုန်၊ လင်းလွန်းခင်စာပေတိုက်၊ ၂၀၂၅။
စာ-၁၆၂၊ ၂၁ˑ စင်တီ။
(၁) ကြက်ရိုးဒဿန

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| | စာရေးသူ၏ အမှာစာ | ၉ |
| | စိစဉ်သူ၏ အမှတ်တရစကား | |
| ၁။ | အလွဲများ | ၁၁ |
| ၂။ | ကြိမ်ခွေ | ၁၇ |
| ၃။ | ကြက်ရိုးဒဿန | ၂၅ |
| ၄။ | သစ်ကိုင်းကျိုး | ၃၇ |
| ၅။ | ထရိုင်းအင်္ဂါမိ သိုင်းကျူး | ၄၇ |
| ၆။ | ချစ်သူများနေ့ | ၅၃ |
| ၇။ | ခြင်မလေးရဲ့ လက်ခုပ်သံ | ၆၃ |
| ၈။ | ဆည်းလည်း | ၇၁ |
| ၉။ | မိုးပျံပူဖောင်း | ၈၁ |
| ၁၀။ | ပန်းချီးတာလောက်တော့... ရယ်တာပေါ့ | ၈၇ |
| ၁၁။ | ဥသျှစ်သီး | ၉၅ |
| ၁၂။ | အလုပ်မရှိ... ဘဝမရှိ | ၁၀၃ |
| ၁၃။ | ခြင်းပွဲ | ၁၁၁ |
| ၁၄။ | စွန်လိုက်သူ | ၁၁၉ |
| ၁၅။ | မသိ... မသာ | ၁၂၇ |
| ၁၆။ | သံဘော်ပင် | ၁၃၅ |
| ၁၇။ | ခွေးမိသားစု | ၁၄၃ |
| ၁၈။ | မိးရထား | ၁၅၅ |


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## စာဖတ်သူများ၊ ဦးဘုန်း(ဓာတု)မန္တလေးနှင့် လင်းလွန်းခင်စာပေ

လင်းလွန်းခင်စာပေတိုက်နဲ့ ဦးဘုန်း (ဓာတု) မန္တလေးတို့ လက်တွဲပြီး စာအုပ်လေးတွေ ထုတ်ဝေလာခဲ့တာ ယခု 'ကြက်ရိုးဒဿန' စာအုပ်လေးပါ ဆိုရင် (၈)အုပ်မြောက် ဖြစ်သွားပါတယ်။ ဆရာဦးဘုန်း (ဓာတု)အနေနဲ့တော့ 'စာသင်ခန်းထဲမှ စကားများ' ဆိုတာ တစ်အုပ်ထွက်ခဲ့ဖူးသေးတော့ စုစုပေါင်း (၉)အုပ် ဖြစ်ပါလိမ့်မယ်။

ဦးဘုန်း(ဓာတု)နဲ့ ကျွန်တော်တို့ လင်းလွန်းခင်စာပေတိုက်တို့ စတင်ဆုံစည်းခဲ့တာ (၃)နှစ်လောက်တော့ ကြာခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်း ရွှေဖက်စပ်လုပ်ငန်းရုံး၊ တိုင်းတာဝန်ခံကနေ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလမှာ အနားယူခဲ့ပြီး အနီးစခန်းမှာနေရင်းက ရန်ကုန်ကိုဆင်းပြီး စာအုပ်တွေ လုပ်ဖြစ်ခဲ့ပါတယ်။ ဖြန့်ချိရေးလည်း ရန်ကုန်မှာပဲအပ်ထားပြီး ကြုံမှသာ ငွေရှင်းခွင့်ရခဲ့တာမျိုးပါ။ ဝါသနာအရနဲ့ ရသစာပေကို ချစ်မြတ်နိုးလွန်းလို့သာ ကိုယ်တိုင်လည်း မြတ်နိုး၊ စာဖတ်သူများတွေလည်း နှစ်သက်စေမယ့် စာအုပ်လေးတွေကို ထုတ်ဝေဖြစ်နေတာပါ။ ဆရာ မောင်သင်းထုံ(ကျောက်မဲ)ရဲ့ 'ရွှေရောင်လွှမ်းတဲ့ ပန်းခင်းစကြာ' ဆိုတဲ့ ဝတ္ထုတိုပေါင်းချုပ် တစ်အုပ်ကို အဲဒီကာလအတွင်း ထုတ်ဝေဖြစ်ခဲ့ပါတယ်။ ဆရာ မောင်သင်းထုံ (ကျောက်မဲ)နဲ့လည်း ခင်မင်ရင်းနှီး ခဲ့ရပါတယ်။

ပြင်ဦးလွင်က 'စာယန်းအိမ်' ပညာသင်ကျောင်းက ဆရာ မောင်သင်းထုံ (ကျောက်မဲ)နှင့် ဆရာဦးဘုန်း(ဓာတု)မန္တလေးတို့ စကားစပ်မိပြီး လင်းလွန်းခင်စာပေတိုက်မှ ဆရာဦးဘုန်းရဲ့ စာအုပ်လေးတွေ ထုတ်နိုင်ဖို့ စကားပြောဖြစ်ကြပါတယ်။ ဆရာဦးဘုန်းက သူ့ မန္တလေးမှာ ထုတ်ဝေဖြန့်ချိခဲ့ဖူးတဲ့ 'နီးနီးဝေးဝေး အတွေးလက်ဆောင်' စာအုပ်လေးကို ဖတ်ဖို့ပေးခဲ့ရင်းနဲ့ ကျွန်တော်တို့ (လင်းလွန်းခင်စာပေ)နဲ့ ဦးဘုန်း(ဓာတု) မန္တလေးတို့ရဲ့ ပထမဦးဆုံးစာအုပ် 'တွင်း' အတွေးစာစကား စာအုပ်လေး ထုတ်ဝေဖို့ အကြမ်းဖျင်း ညှိနှိုင်းခဲ့ကြပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်အနေနဲ့ ဦးဘုန်း (ဓာတု)မန္တလေးရဲ့ စာအုပ်လေးတွေ အောင်မြင် လာလိမ့်မယ်လို့ ဘယ်လိုမှ မျှော်လင့်မရခဲ့ပါဘူး။ တကယ်တမ်း ကျွန်တော် နှစ်ခြိုက်တာကလည်း ရသစာပေအစု ဝတ္ထုတို၊ ဝတ္ထုရှည်၊ လုံးချင်း စတာတွေလေ။ အတွေးလေးတွေနဲ့ ရောနေတဲ့ စာစုလေးတွေကို လူကြီး၊ လူငယ်အစ ရဟန်း ရှင်လူ အဆုံး နှစ်သက်သဘောကျ ကျေနပ်ကြမယ်လို့ ထင်မထားခဲ့မိပါဘူး။

'တွင်း' (အတွေးစာစကား) စထွက်တော့ ရန်ကုန် City Star Hotel မှာ ရွှေမန္တလေးဂျာနယ်မှာ ရေးသားနေတဲ့ ဦးဘုန်း (ဓာတု)ကို ရန်ကုန် ပရိသတ် နဲ့ စတင် မိတ်ဆက်ပေးခဲ့ပါတယ်။ 'နီးနီးဝေးဝေး အတွေးလက်ဆောင်' ကို ဒုတိယ အကြိမ် ရိုက်နှိပ်ထုတ်ဝေ ပြီးတဲ့နောက် ဦးဘုန်း (ဓာတု)ရဲ့ စင်ကာပူ၊ မလေးရှား ခရီးသွား အတွေးရသစာစုလေးတွေ စုစည်းပြီး 'ငှက်တစ်ကောင်၏ အတွေး ရနံ့' စာအုပ်လေးကို ထုတ်ဖြစ်၊ စာအုပ်မိတ်ဆက်ဖြစ်တဲ့အခါမှာတော့ စာပေ အသိုင်းအဝိုင်းကလည်း လက်ခံ၊ စာဖတ်ပရိသတ်လည်း နှစ်သက်တဲ့ စာအုပ်လေးတွေ ဖြစ်လာပါတော့တယ်။ ကြိုက်နှစ်သက်တဲ့သူ များသလို မနှစ်ခြိုက်တဲ့ သူတွေလည်း ရှိမှာပါ။ ကျွန်တော့်အနေနဲ့လည်း ကောင်းလှ ချေရဲ့လို့ ညွှန်းချင်တာ မဟုတ် ပေမယ့် စာအုပ်ရောင်းရတဲ့ အတိုင်းအတာကို ကြည့်ရင် လူကြိုက် ဘယ်လောက် များလာလဲ ဆိုတာ သိနေရပါတော့တယ်။

ဒါနဲ့ပဲ ကျွန်တော်တို့ လင်းလွန်းခင်စာပေတိုက်နဲ့ ဆရာဦးဘုန်း (ဓာတု) မန္တလေးတို့ ဆက်ပြီး 'သုည' အတွေးရသစာစု၊ 'အဖေ့အိမ်'၊ 'အတွေးလက်ဆောင် ဒိုင်ယာရီ(၁)၊ (၂)'၊ 'သံစဉ်များနဲ့ကမ္ဘာ' စာအုပ်တွေ ဆက်ပြီး ထုတ်ဝေလာခဲ့တာ အခုတော့ 'ကြက်ရိုးဒဿန အတွေးရသစာစုများ' စာအုပ်ကို ပရိသတ်လက်ထဲ ပို့ဆောင်နိုင်ခဲ့ပါပြီ။

လင်းလွန်းခင်စာပေတိုက်က ထုတ်ဝေခဲ့ပြီးတဲ့ ဦးဘုန်း (ဓာတု) မန္တလေး ရဲ့စာအုပ်တွေကို ဝယ်ယူအားပေးကြတဲ့ စာဖတ်သူများရဲ့ မေတ္တာ၊ စေတနာနှင့် လင်းလွန်းခင် စာအုပ်တိုက်ကို ချစ်ခင်စေတနာထားတဲ့ ဦးဘုန်း (ဓာတု) မန္တလေး ရဲ့ မေတ္တာကိုလည်း တန်ဖိုးထား ဂုဏ်ယူလျက် ရှိပါကြောင်း တင်ပြရင်းဖြင့် စာဖတ်ပရိသတ်အပေါင်း ကောင်းကျိုးလိုရာဆန္ဒ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

သိန်းလွင် (ကျောက်ပုထိုး)

mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ အမှာစာ

ယခု 'ကြက်ရိုးဒဿန' စာအုပ်သည် (၉)အုပ်မြောက် ဖြစ်ပါသည်။

ထုတ်ဝေပြီးသမျှ စာအုပ်များကို လက်ခံအားပေးကြသည့်အတွက် ဝမ်းသာကြည်နူးပီတိ ဖြစ်မိသည်ကတော့ အမှန်ပါ။ ယခုစာအုပ်သည်လည်း ကျွန်တော် တတ်စွမ်းသမျှ တွေးတောရေးသားထားခြင်းများထဲမှ ကောင်းနိုးရာရာများကို စုစည်းထားခြင်း ဖြစ်ပါသည်။

ယခုကာလတွင် စာပေဟောပြောပွဲများ သွားနေရပါသည်။ သို့အတွက် စာရေးချိန် နည်းပါးလာပါသည်။ စာပေဟောပြောပွဲအတွက် သုတရသစာပေများ စာဖတ်ချိန်ကတော့ ပိုများလာပါသည်။ စာတွေ များများဖတ်လေလေ စာတွေ ကောင်းမှန်း သိလာလေလေဖြစ်လာပြီး စာတွေကို ပို၍ ပို၍ ဖတ်ချင်လေလေ ဖြစ်လာရပါသည်။ ကျွန်တော်တို့၏ ရှေ့က စာပေကြယ်ပွင့်များ အလွန်တော်ကြပါသည်။ သူတို့၏ အတွေးအခေါ် အရေးအသားနှင့် စိတ်အာရုံကျက်စားမှုကို သူတို့၏စာပေများတွင် တွေ့ရပါသည်။ သူတို့ကို မီဖို့ မလွယ်ပါ။

ကျွန်တော်တို့ နိုင်ငံတွင် ရသပဲ ရေးရေး၊ သုတပဲ ရေးရေး၊ သုတရသပဲ ရေးရေး၊ သုတရသ အတွေးအမြင်ပဲ ရေးရေး၊ ဘာသာပြန်ပဲ ရေးရေး၊ တက်ကျမ်းပဲ ရေးရေး၊ နိုင်ငံရေးစာပေပဲ ရေးရေး... စာရေးဆရာ အားလုံး၏ ပရဟိတစိတ်ကို ကျွန်တော် မြင့်နေမိသည်။ ချစ်နေမိသည်။ မြန်မာနိုင်ငံတွင်



mgyoe.com

mgyoe.com SAMPLE BOOK

စာရေးခြင်းဖြင့် ချမ်းသာသူ မရှိသလောက် ရှားပါသည်။ သို့သော် စာရေးဆရာ အလွန်များပြားလှပါသည်။ ဒါကို ကြည့်ခြင်းဖြင့် စာပေသမားတို့၏ တာဝန်ကျေပွန်မှုနှင့် သတ္တိကို အလေးအမြတ် ပြုမိနေသည်။

ထို့အတူ စာအုပ်ထုတ်ဝေပေးနေသူများ၏ စာပေအပေါ် ထားရှိသည့် သဒ္ဒါစိတ်ကိုလည်း မှတ်တမ်းတင်မိပါသည်။

♥♥♥

ကျွန်တော်၏စာများသည် မထူးပါ။ သို့သော် ဆန်းသည်ဟု ပြောကြသည်။

ကျွန်တော်၏ အရေးအသားများသည် ရိုး၏။ သို့သော် ရှင်းသည်ဟု ပြောကြသည်။

ကျွန်တော်၏ အတွေးစာများသည် မမြင့်လွန်းပါ။ သို့သော် မြင်တတ်လိုက်တာဟု ပြောကြသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော် ကျေနပ်ကြည်နူးရပါသည်။

ရဟန်းသံဃာတော်တွေပဲ ဖတ်ဖတ်၊ လူကြီးတွေပဲ ဖတ်ဖတ်။

လူငယ်တွေပဲ ဖတ်ဖတ်၊ ကျောင်းသားတွေပဲ ဖတ်ဖတ်။

အိမ်ထောင်ရှင်တွေပဲ ဖတ်ဖတ်၊ မီးဖိုချောင်ထဲက အိမ်ရှင်မတွေပဲ ဖတ်ဖတ်။

နည်းနည်းဖတ်ပြီး များများတွေးစရာ ပါသည်များကို ရေးဖွဲ့ထားပါသည်။

နှစ်သက်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။


မေတ္တာအင်အားဖြင့် -

ဦးဘုန်း ၊ဓာတု၊ မန္တလေး
၈-၈-၂၀၁၂ (ဗုဒ္ဓဟူးနေ့)


mgyoe.com

mgyoe.com SAMPLE BOOK

အလှဲများ



mgyoe.com

mgyoe.com SAMPLE BOOK

"ဂမ္ဘီရမဂ္ဂဇင်းထဲမှာပါတဲ့ အစီအမံတွေ အကုန်လုပ်တယ်ကွ။
ငွေများများရဖို့အတွက် ရေတံခွန်ပါတဲ့ ပန်းချီကားတွေ ချိတ်ရမယ်။
ရေပါတဲ့ ပိုစတာတွေ ကပ်ရမယ်လို့ မဂ္ဂဇင်းထဲက ရေးရင်
အဲဒီအစီအမံအတိုင်း လိုက်ပြီး လုပ်ကြတော့တာပဲကွ။
မင်း ဘာသိလို့လဲ။
သူတို့ဆေးရုံ လူစည်ဖို့၊
သူတို့စိုက်ထုတ်ရင်းနှီးထားရတဲ့
ငွေကြေးတွေ အမြန်ပေါ်ဖို့၊ အရင်းကျေဖို့
ဗေဒင်ဆရာဆီလည်း သွားလိုက်တာပဲ။
ယတြာချေလည်း လုပ်လိုက်တာပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

## အလွဲများ

ကျွန်တော်ကလည်း ကျွန်တော်ပဲ။

ကတ်သီးကတ်သတ်ကိုမှ ရှာရှာဖွေဖွေ မြင်တတ်တယ်။ မြင်တွေ့နေကျ ဆိုတော့ ဘာမှ မဟုတ်သလိုပါပဲ။ သေချာတွေးကြည့်တော့ ရယ်စရာလည်း ကောင်းတယ်။ မဖြစ်သင့်ဘူးဆိုတာလည်း တွေးမိတယ်။

တစ်နေ့ဆီတုန်းက၊

လမ်းဘေးမှာ ဆိုင်းဘုတ်တစ်ခုကို တွေ့တယ်။ အဖြူရောင်အောက်ခံပေါ်မှာ အနီရောင်နဲ့ရေးထားတာ။ ရေးထားတဲ့စာသားကလည်း ကြည့်ပါဦး။

"မိဘမေတ္တာ အပေါင်ဆိုင်" တဲ့။

မိဘမေတ္တာ ဆန်စက်တို့၊ မိဘမေတ္တာ မိတ္တူ၊ မိဘမေတ္တာ ထမင်းဆိုင်၊ မိဘမေတ္တာ သစ်ဆိုင်၊ မိဘမေတ္တာ ကားအသင်း၊ မိဘမေတ္တာ ဆေးဆိုင်၊ မိဘမေတ္တာ စက်ချုပ်ဆိုင် တို့ဆိုရင် အဓိပ္ပာယ်ရှိတယ်။ ကိုယ့်လုပ်ငန်းမှာ မိဘကို ဦးထိပ်ထားတဲ့ သဘောဖြစ်တဲ့အတွက် သဘောကျဖို့ ကောင်းပါတယ်။ လိုက်လည်း လိုက်ဖက်တယ်။ အခုတော့… ကြည့်ပါဦးဗျာ။

"မိဘမေတ္တာ အပေါင်ဆိုင်" တဲ့။

မိဘမေတ္တာကိုတောင် အပေါင်ခံတဲ့သဘော ဖြစ်မနေပေဘူးလား။ မြန်မာစာ အသုံးအနှုန်း လွဲနေတယ်။ အဲဒီအပေါင်ဆိုင်ပိုင်ရှင်ဟာ မြန်မာကော ဟုတ်ရဲ့လား မသိဘူး။ လာသမျှကို အပေါင်ခံတဲ့ သဘောရှိတယ်။ မိဘမေတ္တာကိုတော့ အပေါင်ဆိုင် ဆိုတဲ့ စကားလုံးနဲ့ တွဲပြီး မသုံးသင့်ဘူး။

ကျွန်တော်တို့တစ်တွေ မြင်တွေ့နေကျ လေထိုးကျွတ်ဖာဆိုင်တွေမှာ ရေးတတ်တာတွေ ရှိသေးတယ်။



mgyoe.com

mgyoe.com

"အရဟံ- လေ"တဲ့။

တော်တော်ကို ကမောက်ကမနိုင်တဲ့ အရေးအသားပဲဗျ။ 'အရဟံ'ဆိုတဲ့ မြင့်မြတ်တဲ့ စကားလုံးကို 'လေ'ဆိုတဲ့ စကားလုံးနဲ့ တွဲလိုက်တော့ စိတ်ထဲမှာ အရှိအသေတန်နေတယ်လို့ ခံစားရတယ်။

ဒီ့ထက်ဆိုးတာက ရှိသေးတယ်။ အမှုန့်ကြိတ်စက်က ရေးထားတဲ့ လုပ်ငန်းဆိုင်းဘုတ်ပါ။ အမှုန့်ကြိတ်စက်ဆိုတော့ ပဲလည်း ကြိတ်တာပဲ။ ဆန်လည်း ကြိတ်တာပဲ။ ဆေးလည်း ကြိတ်တာပဲ။ အမှုန့်ကြိတ်စက်နားရောက်ရင် အဝေးကနေပြီးတော့ 'ပရဆေး'အနံ့တွေ ရနေတတ်တယ်။ ရေးထားတဲ့ ဆိုင်းဘုတ်ကလည်း ကြည့်ပါဦး။

"ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ- အမှုန့်ကြိတ်သည်" တဲ့။

ရေးထားတဲ့ ဆိုင်းဘုတ်ကို ဖတ်လိုက်ရတော့ ကျွန်တော့်မှာ ကြက်သီးများတောင် ဖြန်းဖြန်းထမိတယ်။

ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံကိုတောင် အမှုန့်ကြိတ်မယ်တဲ့ဗျာ။ မဖြစ်သင့်ဘူး။

တောင်သာ-မြင်းခြံ သွားတဲ့နားကလည်း ဒီအတိုင်းပါပဲ။ 'ထန်းရည်ဆိုင်' ဖြစ်ကြောင်းကို ဖော်ပြထားတဲ့ လမ်းညွှန်ဆိုင်းဘုတ် ကြော်ငြာပါ။ ပျဉ်းပြားကြီးကြီးပေါ်မှာ မြေဖြူခဲကို ရေဆွတ်ပြီးတော့ ရေးထားတာ။

"ပဥ္စ ဂုဏံ အဟံ ဝန္ဒာမိ - ထန်းရည်ဆိုင်"

ဒီစာသားကိုမြင်တော့... ပြုံးမိတယ်။ တွေးရင်းနဲ့ ကြောက်လာတယ်။ ဗုဒ္ဓဘာသာဝင်တွေဆိုတော့ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာကို ဦးထိပ်ထားတာ ကောင်းပါတယ်။ လုပ်ငန်းတော်တော်များများမှာလည်း ဒီလိုရေးထားတာ တွေ့ဖူးပါတယ်။ အခုတော့ဗျာ။ သေရည်သေရက်ဆိုင်ကလည်း မတွဲသင့်တဲ့ ဝေါဟာရကို တွဲပြီး ရေးထားတယ်။ အလွဲတွေ... အလွဲတွေ။

မြင်းခြံမြို့က အရက်ဖြူဆိုင်မှာ ရေးထားတာ ကြည့်ဦး။

"ဝိမုတ္တိရသ- အရက်ဖြူဆိုင်"တဲ့။

သူများတွေတော့ မသိဘူး။ ဖတ်မိတဲ့ ကျွန်တော့်မှာ ငိုရမလို၊ ရယ်ရမလို ဖြစ်သွားတာတော့ အမှန်ပဲ။

ဒီထက်လွဲတာ ရှိသေးတယ်ဗျ။

ကျွန်တော့်သူငယ်ချင်းရဲ့ ဆေးခန်းမှာ ရွှေလာငွေလာ ဂမုန်းပင်တွေ


mgyoe.com

mgyoe.com SAMPLE BOOK

စိုက်ထားတာ အများကြီးပဲ။ သူ့ဆေးခန်းမှာ လူနာတွေ အလာများဖို့ ဂမုန်းပင်ကို စိုက်ထားတာတဲ့။ အဲဒီဂမုန်းပင်မှာ ရွှေတောင် ချထားလိုက်သေးတယ်။ ဘယ်လို ပြောရမှန်း မသိပါဘူး။ သူ့ဝင်ငွေ ကောင်းဖို့အတွက် တစ်ရပ်ကွက်လုံးက ဖျားနာပေးရ မလို ဖြစ်နေတော့တယ်။ တုပ်ကွေးရာသီကလည်း ရောက်ခါနီးပြီဆိုတော့ ကျွန်တော့် သူငယ်ချင်းက ဆေးတွေဝယ်ပြီး စုနေတယ်တဲ့။ အဲဒီအကြောင်းကို ပြောပြတော့ ကျွန်တော့်သူငယ်ချင်း ဆရာဝန်က ရယ်တယ်ဗျ။ ပြီးတော့ ဒီလိုပြောတယ်။

"ငါ့ထက်ဆိုးတာတွေ ရှိသေးတယ်ကွ"

"ဘာများလဲ"

"ကလေးအထူးကု ဆရာဝန်မကြီးတစ်ယောက် ဆေးခန်းမှာ ဗီးကွက် ရုပ်ကြီးနှစ်ရုပ် ချထားတယ်။ ကလေးလူနာတွေ များများလာအောင်တဲ့။ ရယ်ရ တယ်နော်"

"မင်းကသာ ရယ်ရတယ်ပြောနေ။ တော်တော်လွဲတယ်ကွ"

"ဒီထက်ဆိုးတာ ရှိသေးတယ်။ မင်းသတိမထားမိလို့။ အထူးကုဆေးခန်း တွေ ရောက်ဖူးတယ် မဟုတ်လား"

"အေး ရောက်ဖူးတယ်လေ"

"အဲဒီမှာလည်း ရွှေလာငွေလာ ဂမုန်းပင်တွေ စိုက်ထားတာ မင်း မတွေ့မိဘူးလား"

"ငါတော့... သတိမထားမိပေါင်ကွာ"

"အဲဒီ အထူးကုဆေးခန်းတွေရဲ့ ကောင်တာပေါ်မှာ မင်း ဘာမြင်သလဲ ပြောစမ်း"

"ငါတော့ ထူးထူးထွေထွေ မမြင်မိပါဘူးကွာ"

"မင်းက ငါ့ကိုသာ ကဲ့ရဲ့နေတာ။ အထူးကုဆေးခန်းတွေက ငါ့ထက် ဆိုးတယ်ဗျ။ သူတို့တစ်တွေက လူနာတွေ များများလာဖို့ ဘာလုပ်ထားတယ် ထင်သလဲ"

"ငါဘယ်သိမှာလဲ။ မင်းတို့က အချင်းချင်းတွေပဲဆိုတော့ သိမှာပေါ့"

"ဂမ္ဘီရမဂ္ဂဇင်းထဲမှာပါတဲ့ အစီအမံတွေ အကုန်လုပ်တယ်ကွ။ ငွေများများ ရဖို့အတွက် ရေတံခွန်ပါတဲ့ ပန်းချီကားတွေ ချိတ်ရမယ်၊ ရေပါတဲ့ ပိုစတာတွေ ကပ်ရမယ်လို့ မဂ္ဂဇင်းထဲက ရေးရင် အဲဒီအစီအမံအတိုင်း လိုက်ပြီး လုပ်ကြတော့


mgyoe.com

mgyoe.com SAMPLE BOOK

တာပဲကွ။ မင်း ဘာသိလို့လဲ၊ သူတို့ဆေးရုံ လူစည်ဖို့၊ သူတို့စိုက်ထုတ်ရင်းနှီးထားရတဲ့ ငွေကြေးတွေ အမြန်ပေါ်ဖို့၊ အရင်းကျေဖို့ ဗေဒင်ဆရာဆီလည်း သွားလိုက်တာပဲ။ ယတြာဆိုလည်း လုပ်လိုက်တာပဲ"

"အေး… ဟုတ်လား။ ကျန်တဲ့စီးပွားရေးလုပ်ငန်းဆိုရင်တော့… ငါ ဘာမှ မပြောလိုဘူး။ ဆေးရုံဆေးခန်းတွေက အဲဒီလို လုပ်တာဆိုတော့ ရယ်ရမလို ငိုရမလိုပဲ။ ဟုတ်ကော ဟုတ်ရဲ့လားကွာ"

"မင်းမယုံရင် အထူးကုဆေးခန်းကြီးတွေရဲ့ ဧည့်ခန်းဆောင်မှာ မင်း လေ့လာကြည့်လိုက်။ အထူးကုဆိုတဲ့အတိုင်းပဲ ထူးတဲ့သူမှ ကုသနိုင်တဲ့ ဆေးခန်းကြီး တွေ များလာလေလေ… မထူးထူးအောင် ဓာတ်တွေ၊ ယတြာတွေကလည်း စုံမှစုံပဲ သူငယ်ချင်းရ"

"မျှတတဲ့ အသက်မွေးမှု ဟုတ်,မဟုတ် စဉ်းစားစရာပဲ"

"မင်းသတိထားမိရဲ့လား မသိဘူး။ 'ဝင်လာမစဲ တသဲသဲ' ဆိုပြီး ဇီးကွက် ရုပ်နဲ့ ပလတ်စတစ်ကတ်တွေလေ။ အဲဒီလို အစီအမံတွေကလည်း အထူးကု ဆေးခန်းတိုင်းလိုလိုမှာ ရှိတယ်ကွ"

"မင်းဆေးခန်း အဝင်ဝမှာလည်း ငါမြင်မိသလိုပဲ"

"အေး… ဟုတ်တယ်ကွ"

"ရှက်စရာကောင်းလိုက်တာ"

"ဒီမယ်… သူငယ်ချင်း။ ငါ့ထက်ဆိုးတာ ရှိသေးတယ်။ အထူးကု ဆေးခန်းကြီးတွေမှာ ကြောင်ရုပ်တွေ… မင်း တွေ့ဖူးလား"

"ဘာကြောင်ရုပ်လဲကွ"

"ရွှေရောင် ကြောင်ရုပ်လေးတွေလေ။ လက်တစ်ဖက်က မြှောက်ထား တယ်။ ဓာတ်ခဲထည့်လိုက်မှ မြှောက်ထားတဲ့လက်ကလေး လှုပ်တယ်။ လှုပ်တဲ့ သဘောကလည်း ဖောက်သည်တွေလာကြ… လာကြ… လာကြ… ဆိုတဲ့ သဘောပေါ့ကွာ။ ကြောင်ရုပ်ကလေးက သူ့လက်တွေကို မနားတမ်း လှုပ်လေလေ လူနာတွေ လာလေလေ ဖြစ်အောင်ပေါ့ကွာ"

"ဟော…"


ရတနာပုံနေ့စဉ်သတင်းစာ

■

mgyoe.com

mgyoe.com SAMPLE BOOK

# ကြိုမင်မွ



mgyoe.com

mgyoe.com SAMPLE BOOK

... ငါ မခေါ်ချင်တဲ့
'နာမည်ပြောင်' တော့ ရှိတယ်။
မင်းတို့ ငယ်ငယ်တုန်းက
စာရိတ္တပျက်တဲ့ကောင်တွေ၊
သူများပစ္စည်း ခိုးတဲ့ကောင်တွေ၊
လိမ်ပြောတတ်တဲ့ကောင်တွေ၊
ကူလီကူမာလုပ်တတ်တဲ့ ကောင်တွေ၊
ပလီပလာပြောတတ်တဲ့ကောင်တွေကို
ကြိမ်နဲ့ရိုက်တယ်၊ ဆော်တယ်။
အဲဒီလို အရိုက်ခံရတဲ့ကောင်တွေကို
'ကြိမ်ခွေ' လို့ ငါက ခေါ်တယ်။
မင်း... မှတ်မိသေးလား။

mgyoe.com

mgyoe.com SAMPLE BOOK

# ကြိမ်ခွေ

တစ်နေ့ဆီတုန်းက…

'မင်းသီဟ'လက်ဖက်ရည်ဆိုင်ကို မနက် (၇)နာရီလောက် ရောက်သွားတယ်။ စာသင်စရာကလည်း မရှိဘူး။ အားနေတယ်။ ဒါကြောင့် လက်ဖက်ရည်ဆိုင်မှာ အေးအေးဆေးဆေး ထိုင်မယ်လို့ စိတ်ကူးလိုက်တယ်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတုန်း လမ်းလျှောက်ပြန်လာတဲ့ ကျွန်တော့်ရဲ့ ငယ်ဆရာနဲ့ ဆရာမ ဇနီးမောင်နှံကို တွေ့လိုက်တယ်။ သူတို့ကလည်း လက်ဖက်ရည်ဆိုင်ထဲကို ဝင်လာတယ်။ ကျွန်တော်က ကိုယ့်ရဲ့ ဆရာနဲ့ ဆရာမဆိုတော့ သူတို့ထိုင်နေတဲ့ စားပွဲဝိုင်းကို ရွှေ့ပြီး ထိုင်လိုက်တယ်။

"ဆရာနဲ့ ဆရာမ ကျွန်တော့်ကို မှတ်မိလား"

သူတို့ နှစ်ယောက်စလုံးက ကျွန်တော့်ကို မမှတ်မိကြပါ။

"စိတ်တော့ မဆိုးနဲ့ကွ။ ငါတို့က တပည့်တွေအများကြီးနဲ့ ကြုံခဲ့၊ ဆုံခဲ့ရတာဆိုတော့ မမှတ်မိဘူး။ မင်းက ဘယ်သူလဲ"

"ကျွန်တော်က 'အာပီး'လေ။ ဆရာမက ရူပဗေဒ သင်တယ်လေ။ ဆရာမ စာသင်တဲ့ အချိန်မှာပေါ့၊ ကျွန်တော်က အိမ်သာ သွားချင်တယ်၊ ဆရာမကို ခွင့်တောင်းတယ်၊ ဆရာမက သွားခွင့်မပြုဘူး။ ကျွန်တော်ကလည်း ဝမ်းလျှော့နေတယ်၊ အဲဒါနဲ့ အတန်းထဲမှာ ကျွန်တော်က အီးအီးတွေ ပါချပါလေရော။ အဲဒီ



mgyoe.com

mgyoe.com SAMPLE BOOK

အချိန်ကစပြီး ဆရာမက ကျွန်တော့်ကို အီးပါ… 'အာပီး'ဆိုပြီး နာမည်ပေးခဲ့တာလေ။ ဒါဆိုရင် ဆရာမ မှတ်မိပြီပေါ့''

''ဟယ်… နင်က 'အာပီး'လား''

ဆရာမရဲ့မျက်နှာ တစ်ခါတည်းကို ဝင်းပသွားပါတော့တယ်။

''အေး… ငါမှတ်မိပြီ။ နင်က 'အာပီး'ကိုး။ ဆံပင်လည်း မကောက်တော့ဘူး။ နင် နဖူး နည်းနည်းပြောင်လာတယ်နော်''

''ဟုတ်တယ်… ဆရာမရဲ့။ ကျွန်တော်က အခု 'ဦးဘုန်း၊ ဓာတု၊' ဆိုတဲ့ နာမည်နဲ့ စာပြတယ်၊ စာရေးတယ်''

''သြော်… 'ဦးဘုန်း'ဆိုတာ 'အာပီး'ကိုး။ နင်က ငယ်ငယ်ကတည်းက 'စာတိုင်ညို' သိပ်လုပ်တဲ့ကောင်''

ကျွန်တော်က အဲဒီလိုလည်း မိတ်ဆက်လိုက်ရော ဆရာနဲ့ဆရာမတို့ ဇနီးမောင်နှံရဲ့ မျက်နှာမှာ ငယ်မူငယ်သွေးတွေ ကြွလာပါတော့တယ်။

ကျွန်တော်တို့မှာ ကျောင်းသားဘဝတုန်းက 'အပြောင်အလှောင်နာမည်'တွေ ကိုယ်စီရှိကြတယ်။ 'ပိုးဟပ်ဖြူ'၊ 'ဆင်ပေါက်'၊ 'ကျွဲကြီး'၊ 'နွားမ'၊ 'ဂျိန်းစဘွန်း'၊ 'မျောက်ညို'၊ 'စိတ်တို'၊ 'ဝေသာ'၊ 'ရခိုင်ကြီး'။

အဲဒီ နာမည်တချို့ကို ဆရာ၊ ဆရာမတွေက ပေးတယ်။ တချို့ကိုတော့ သူငယ်ချင်းတွေက ကင်ပွန်းတပ်ပေးကြတာ။

ဆရာက ပြောတယ်။

''ဒါနဲ့ နေပါဦးကွ၊ 'ကျီးငို'ကြီးတစ်ယောက်ကော''

'ကျီးငို'ဆိုတာ ကျွန်တော့်သူငယ်ချင်းပါ။ ဒီကောင်က အသားမည်းတယ်၊ အလွန်မည်းတယ်။ ဘယ်လောက်ထိများ မည်းသလဲဆိုရင် ကျီးမည်းကတောင် ငိုယူရလောက်အောင်ကို မည်းတာ။ ကျွန်တော့်သူငယ်ချင်းကို ကျွန်တော်တို့က ချစ်စနိုးနဲ့ 'ကျီးငို'လို့ခေါ်တယ်။

''ကျီးငိုကြီးက အခု (က·ည·န)ရုံးမှာ အရာရှိကြီး ဖြစ်နေပြီ။ မတွေ့တာကြာပါပြီ ဆရာရယ်''

''ဟုတ်လားကွ၊ နေပါဦး၊ ဟိုကောင်လေ၊ 'ပွိုင့်ဖိုက်'ကွာ။ သူကော အခု ဘယ်မှာတုံး''

'ပွိုင့်ဖိုက်'ဆိုတာလည်း ကျွန်တော့်သူငယ်ချင်းပါ။ သူက အခြောက်ဗျ။


mgyoe.com

m . com SAMPLE BOOK

ယောက်ျားစိတ်လည်း ရှိတယ်။ မိန်းမစိတ်လည်း ရှိတယ်။ စကားပြောရင်လည်း ကနွဲ့ကလျနဲ့ ပြောတတ်တယ်။ ဒီတော့ သူ့ကို ကျွန်တော်တို့က 'အခြောက်'လို့ ခေါ်ရင် စိတ်ဆိုးတယ်။ နှစ်ပိုင်းတစ်ပိုင်းလို့ခေါ်ရင်လည်း စိတ်ဆိုးတယ်။ ဒီတော့ ကျွန်တော်တို့က 'ပွိုင့်ဖိုက်'လို့ ခေါ်လိုက်ကြတယ်။

''ပွိုင့်ဖိုက်က အခု ဈေးချိုထဲမှာ အထည်ရောင်းနေတယ် ဆရာ။ မိန်းမလည်း ရပြီ။ ငယ်ငယ်တုန်းကသာ 'ပွိုင့်ဖိုက်'ဖြစ်တာ ဆရာရဲ့။ အခုတော့ သားနဲ့ သမီးနဲ့ ဖြစ်နေပြီ၊ ကြီးပွားနေပြီ''

ဆရာက သူမှာထားတဲ့ လက်ဖက်ရည်ကို သောက်လိုက်တယ်။ ပြီးတော့ သူ သိချင်တာတွေ ဆက်ပြီးမေးတယ်။

''ငါ မေးရဦးမယ်ကွ၊ 'မေရှဲ'ဆိုတဲ့ တပည့်မကော၊ ဘယ်ရောက်နေတုံး၊ ဘာလုပ်နေတုံး''

'မေရှဲ'ဆိုတာ ဒီလိုဗျ။ ကျွန်တော့်သူငယ်ချင်း 'သန်းသန်းစိန်'ပဲ။ ကျွန်တော်တို့က 'အရမ်းအရမ်းပိန်တဲ့ သန်းသန်းစိန်'လို့ ခေါ်ရင် စိတ်ဆိုးတယ်။ ဒီကောင်မက အသားက မည်းမည်း၊ အရပ်က ရှည်ရှည်၊ လူကောင်က ခပ်ပိန်ပိန်။ ဒီတော့ ကျွန်တော်တို့က အသားမည်းပြီး အရပ်ရှည်တဲ့ သန်းသန်းစိန်ကို မည်းပြီး ရှည်လို့ 'မည်းရှည်' 'မေရှဲ'လို့ ခေါ်တာ။ ဒီကောင်မက 'မေရှဲ'လို့ ခေါ်ရင်တော့ စိတ်မဆိုးဘူးဗျ။ နာမည်ကလေးက ဘိုဆန်တယ်ဆိုပဲ။

''မေရှဲကတော့ အခု ကျောင်းအုပ်ဆရာမကြီး ဖြစ်နေပြီ။ အပျိုကြီးပဲဗျ။ တောင်ပိုင်းရှမ်းပြည်နယ်မှာလို့ ပြောတယ်၊ ဘယ်မြို့မှန်းတော့ မသိပါဘူး၊ မတွေ့ဖြစ်ပါဘူး ဆရာရယ်''

''အေးကွ၊ ငါတို့လည်း အသက်တွေ ကြီးလာတော့... ကိုယ့်တပည့်တွေကို မမှတ်မိတော့ဘူး။ ရှင်းရှင်းပြောရရင် နာမည်ပြောင်တွေကိုပဲ မှတ်မိတော့တယ်။ ဒါနဲ့နေပါဦး၊ 'လေလာလဲ' တစ်ယောက်ကော၊ ဘယ်ရောက်နေတုံး''

ဆရာက 'လေလာလဲ'လို့ ပြောလိုက်တော့ မျက်စိထဲမှာ 'ခွေခွေအောင်'ကို ပြေးပြီး မြင်လိုက်မိတယ်။ ဒီကောင်မက ပိန်လိုက်တာမှ အရိုးပေါ် အရေတင်ရယ်၊ တအားပိန်တာ၊ ပိန်ကပ်နေတဲ့ကောင်မ။ သူ့ကို 'ဂျပိန်မ'လို့ ခေါ်လို့ ကျွန်တော်တို့ အရိုက်ခံရဖူးတယ်။ ကျွန်တော်တို့က သူ့ကို တရုတ်နာမည် ပေးထားတာလေ။ လေလာရင်တောင် လဲမတတ်ပိန်လို့ 'လေလာလဲ'လို့ ခေါ်တာ။


mgyoe.com

mgyoe.com SAMPLE BOOK

"လေလာလဲ အကြောင်းတော့ ကျွန်တော် မသိဘူး ဆရာရဲ့။ ဆယ်တန်းအောင်ပြီးကတည်းက ဝေးသွားကြတာ။ ဆရာ၊ 'ကြက်ဖင်' ကို မှတ်မိသေးလား ဆရာ"

"အသားမည်းမည်း၊ မျက်နှာပြားကြီးကြီး၊ နှုတ်ခမ်းပြဲပြဲ ရဲရဲနဲ့မို့ ငါက 'ကြက်ဖင်' လို့ ပေးထားတဲ့ကောင်ယား"

"ဟုတ်တယ် ဆရာ... ဒီကောင်ကြီးက အခု ညွှန်ချုပ်ကြီးဖြစ်နေပြီဗျ။ ဆရာမက နာမည်ပေးထားတာ မှတ်မိသေးလား၊ 'ကိုးလ' ဆိုတဲ့ အကောင်လေ"

"အေး... မှတ်မိတာပေါ့ဟ၊ ဒီကောင်က ဆယ်တန်းကျောင်းသား ဖြစ်ပေမယ့် မိုက်က တော်တော်ပူတာ၊ ဒီတော့ ဒီကောင်ကို ငါက 'ကိုးလ' လို့ နာမည်ပေးထားတာ"

"ဟုတ်တယ် ဆရာမ၊ ဒီကောင်လည်း အရာရှိကြီး ဖြစ်နေပါပြီ၊ ဆောက်လုပ်ရေးဘက်မှာလို့တော့ ပြောတာပဲ"

"နေပါဦး မောင်ဘုန်းရ၊ ဟိုကောင်ကွာ၊ 'စံရွှေမြင့်' ကွာ၊ ဘယ်ရောက်နေတုံး"

'စံရွှေမြင့်' ဆိုတာက ဒီလို။ အဲဒီအချိန်တုန်းက 'စံရွှေမြင့်' ကာတွန်းက အလွန်ခေတ်စားတယ်။ စာသင်ခန်းထဲမှာ 'စံရွှေမြင့်' ကာတွန်း ခိုးခိုးဖတ်လို့ ခဏခဏ အဆူခံရတဲ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက်ကို မေးတာ။

"စံရွှေမြင့်က အခု လွှတ်တော်ကိုယ်စားလှယ်ကြီး ဖြစ်နေပြီဆရာရဲ့။ လွှတ်တော်ကိုယ်စားလှယ်ထဲမှာ ကျွန်တော့်သူငယ်ချင်းတွေ သုံးလေးယောက်လောက် ပါတယ်။ ဆရာ့တပည့်တွေပေါ့"

"ဘယ်သူတွေတုံးကွ"

"နာမည်အရင်းအတိုင်းပြောရင် ဆရာသိမှာ မဟုတ်ပါဘူး။ 'ရွှေသွား' ရယ်။ 'ကောက်ကောက်' ရယ်။ 'မှန်ကြောင်' ရယ်"

ဆရာမက ပြုံးပြုံးလေး နားထောင်နေရင်း စကား ဝင်ပြောတယ်။

"အေးပေါ့ကွယ်၊ အခုဆိုရင် ဆရာမတို့တပည့်တွေလည်း တိုင်းပြည်အတွက် အားကိုးရတဲ့ လူကြီးတွေ ဖြစ်ကုန်ကြပြီပေါ့။ ဝမ်းသာချင်တယ်၊ ဂုဏ်လည်း ယူချင်တယ်။ မင်းနဲ့တွေ့ရတာ ဆရာမတို့လင်မယား အသက်ပြန်ငယ်ပြီး ငယ်သွားသလိုပဲ။ ဟိုတုန်းကတော့ ဆရာ၊ ဆရာမဖြစ်ရတာ သိမ်ငယ်သလို ခံစားမိတာတော့ အမှန်ပဲ။


mgyoe.com

mgyoe.com SAMPLE BOOK


အခုကျတော့ ကိုယ့်တပည့်တွေက အရာရှိကြီးတွေ၊ အတတ်ပညာရှင်ကြီးတွေ လုပ်ငန်းရှင်ကြီးတွေ ဖြစ်နေကြတော့ ဆရာ၊ ဆရာမဖြစ်ခဲ့ရတာကို ဂုဏ်ယူမိပြန်တယ်''

အဲဒီအချိန်မှာ လက်ဖက်ရည်သောက်နေတဲ့ ဆရာက ကျွန်တော့်ကို ပြုံးပြတယ်။

''ဒီမယ် ငါ့တပည့်၊ ငါက ဒီအချိန်မှာ မင်းတို့ကို တွေ့ရင်… ငယ်ငယ်တုန်းက 'နာမည်ပြောင်'တွေ ခေါ်သလို ခေါ်လိုက်ရတာ… အရသာရှိသကွ၊ ဒါပေမဲ့… ငါ… မခေါ်ချင်တဲ့ 'နာမည်ပြောင်'တော့ ရှိတယ်။ မင်းတို့ ငယ်ငယ်တုန်းက စာရိတ္တပျက်တဲ့ကောင်တွေ၊ သူများပစ္စည်း ခိုးတဲ့ကောင်တွေ၊ လိမ်ပြောတတ်တဲ့ ကောင်တွေ၊ ကူလီကူမာလုပ်တတ်တဲ့ ကောင်တွေ၊ ပလီပလာ ပြောတတ်တဲ့ ကောင်တွေကို ကြိမ်နဲ့ရိုက်တယ်၊ ဆော်တယ်။ အဲဒီလို အရိုက်ခံရတဲ့ ကောင်တွေကို 'ကြိမ်ခွေ'လို့ ငါက ခေါ်တယ်။ မင်း… မှတ်မိသေးလား''

''မှတ်မိပါတယ် ဆရာ''

ဆရာက ကျွန်တော့်မျက်နှာကို ကြည့်ပြီး စကားကို ပြောတော့တယ်။

''ဘာလို့ 'ကြိမ်ခွေ'လို့ ခေါ်တာလဲ၊ မင်း သိလား''

''ကြိမ်နဲ့အရိုက်ခံရလို့ 'ကြိမ်ခွေ'လို့ ခေါ်တာမဟုတ်ဘူးလား ဆရာ''

''မဟုတ်ဘူးကွ၊ ငါ့အဓိပ္ပာယ်နဲ့ ငါ ခေါ်တာ''

''ဘယ်လို အဓိပ္ပာယ်များ ရှိသေးလို့လဲ ဆရာရယ်''

''လေးနက်တဲ့ အဓိပ္ပာယ် ရှိတယ်ကွ။ အခုလည်း ငါတပည့်တွေကို တွေ့ရင် 'ကြိမ်ခွေ'လို့ မခေါ်ချင်ဘူး။ အဲဒီလို အခေါ်ခံရရင် စိတ်ဆိုးသင့်တယ် စိတ်ဆိုးရမယ်''

''ဒါဖြင့်ရင် ဆရာခေါ်တဲ့ 'ကြိမ်ခွေ'ဆိုတာ ဘယ်လို အဓိပ္ပာယ်လဲ ဆရာရဲ့''

''မင်း… ကြိမ်တွေကို တွေ့ဖူးလား''

''တွေ့ဖူးတယ် ဆရာ''

''ဘယ်မှာ တွေ့ဖူးတာလဲ''

''ထိုင်ခုံတွေမှာ ကြိမ်ကို သုံးတယ်လေ ဆရာရဲ့''

''ဟုတ်ပါပြီ၊ ဒါပေမဲ့ ငါပြောတဲ့ 'ကြိမ်ခွေ'ဆိုတာ မြစ်တွေ၊ ချောင်းတွေ


mgyoe.com

mgyoe.com


ထဲမှာ သစ်တွေ၊ ဝါးတွေကို ချည်တဲ့အခါ၊ စည်းနှောင်တဲ့အခါ သုံးတဲ့ 'ကြိမ်ခွေ'ကို ပြောတာ''

''အဲဒီတော့ ဘာဖြစ်လဲ ဆရာ''

''ဒီနေ့ခေတ်မှာ ငါ့တပည့်တွေက နေရာအသီးသီးမှာ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြတဲ့ ဆရာဝန်ကြီးတွေ၊ စစ်ဗိုလ်ကြီးတွေ၊ အင်ဂျင်နီယာကြီးတွေ၊ အရာရှိကြီးတွေ ဖြစ်နေကြပြီ။ တချို့များဆို လွှတ်တော် ကိုယ်စားလှယ်ကြီးတွေတောင် ဖြစ်နေပြီတဲ့။ တိုင်းပြည်အတွက် အရေးကြီးတဲ့နေရာက လူတွေ ဖြစ်နေကြပြီ၊ 'ကြိမ်ခွေ' မဖြစ်စေချင်ဘူး''

''ဘာလို့လဲ ဆရာ''

''မင်းကလည်း …အ,ပါ့ကွာ။ 'ကြိမ်ခွေ'ဆိုတာ သစ်တွေ၊ ဝါးတွေကို မြစ်ထဲမှာ စည်းတဲ့ နှောင်တဲ့နေရာမှာ သုံးတယ်လို့ ငါပြောပြီးပြီလေ။ ဒီတော့ 'ကြိမ်ခွေ'ဆိုတာ ဖောင်ကို ကွပ်တဲ့နေရာမှာ သုံးတယ်၊ ဖောင်ကွပ်တဲ့ပစ္စည်းပေါ့။ 'ကြိမ်ခွေ'ဆိုတာ 'ဖောင်ကွပ်'တာပဲ။ 'ကြိမ်ခွေ'လို့ ခေါ်လိုက်ရင် 'ဖောင်ကွပ်'လို့ နားလည်၊ 'ဖောင့်ကွပ်'ဆိုတော့ 'ဖွတ်ကောင်'လို့ ပြောတာပေါ့ကွ''

''ဗျာ… ဖောင်ကွပ်''

''အေး… ဟုတ်တယ်၊ 'ကြိမ်ခွေ'ဆိုတာ 'ဖောင်ကွပ်'၊ 'ဖောင်ကွပ်' ဆိုတော့ ဖွတ်ကောင်''

ဆရာ့စကားကိုကြားပြီး ကျွန်တော် ကြက်သီးများတောင် ထသွားမိတော့တယ်။

''အေး- ငါ့တပည့်၊ မင်းလည်း 'ဖောင်ကွပ်'မဖြစ်စေနဲ့။ ကျန်တဲ့ ငါ့တပည့်တွေကိုလည်း မင်းတွေ့ရင် ပြောလိုက်။ 'ဖောင်ကွပ်' မဖြစ်စေနဲ့လို့၊ ကြားလား။ မင်းတို့တစ်တွေ 'ကြိမ်ခွေ'စိတ်ဓာတ်တွေ ရှိနေလို့ကတော့ ငါတို့တိုင်းပြည် အနာဂတ် မတွေးရဲဘူးဟေ့''


ရွှေမန္တလေးဂျာနယ်

■

mgyoe.com

mgyoe.com SAMPLE BOOK

# ကြက်ရိုးဘသန့်



mgyoe.com

mgyoe.com SAMPLE BOOK

♥ ခေါင်းဆောင်ကောင်းဆိုတာ
ငွေကြေးချမ်းသာဖို့ထက်
စရိုက်သိက္ခာချမ်းသာဖို့က
ပိုပြီး အရေးကြီးတယ်။

♥ ခေါင်းဆောင်ကောင်းဆိုတာ
အုတ်ရိုးနဲ့ တည်ဆောက်ထားတဲ့
နန်းတော်ကြီး ပိုင်ဆိုင်ဖို့ထက်
ပြည်သူ့နှလုံးသားနဲ့တည်ဆောက်ထားတဲ့
မေတ္တာနန်းတော်ကြီး ပိုင်ဆိုင်ဖို့
ပိုပြီး အရေးကြီးတယ်။

♥ ခေါင်းဆောင်ကောင်းဆိုတာ
စိန်တွေ၊ ရွှေတွေ စီခြယ်ထားတဲ့
သရဖူကို ဦးခေါင်းမှာဆင်မြန်းဖို့ထက်
အကျင့်သီလသန့်စင်ခြင်းဆိုတဲ့
ခေါင်းပေါင်းကိုသာ ဦးခေါင်းမှာ ဆင်မြန်းဖို့
ပိုပြီး အရေးကြီးတယ်။

♥ ခေါင်းဆောင်ကောင်းဆိုတာ
ကိုယ်မွေးထားတဲ့ သားသမီးတွေက
ကိုယ့်ကို ချစ်ဖို့ထက် တိုင်းသူပြည်သားတွေက
ကိုယ့်ကိုချစ်ဖို့
ပိုပြီး အရေးကြီးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# ကြက်ရိုးဒဿန

နွေရာသီ။

အိမ်မှာ လူစုံသည်။ မောင်နှမတွေ ပြန်ဆုံဖြစ်ကြသည်။ အားလုံးက အိမ်ထောင်ရှင်တွေ ဖြစ်နေကြတော့ သူတို့မှာလည်း သားတွေ သမီးတွေနဲ့။ တစ်အိမ်လုံး ကလေးကစားကွင်း ဖြစ်နေသည်။ အမေကတော့ သူ့မြေးတွေကို ကြည့်ပြီး ပျော်နေသည်။ သူ့သားသမီးတွေကို ကြည့်ပြီး ကြည်နူးသည်။ သားတွေ၊ သမီးတွေ၊ မြေးတွေအတွက် ထမင်းဟင်း ချက်ကျွေးရသည်ကိုပင် မမောနိုင်ပါ။ ပို၍တောင် ကျန်းမာနေလိုက်သေးသည်။

အမေ၏ မြေးများသည် အသက် သိပ်မကွာကြ။ တစ်ယောက်နှင့် တစ်ယောက် ကြီးလှ ငယ်လှမှ တစ်နှစ်သာသာပေါ့။ ဒီတော့ ဆော့ရင်း စကားများကြသည်။ ရန်ဖြစ်ကြသည်။ ငိုကြသည်။ ပြန်ခေါ်ကြသည်။ ထို့ကြောင့် နွေရာသီသည် ကျွန်တော်တို့ မိသားစုအတွက် အလွန်ပျော်စရာ ကောင်းပါသည်။

အမေက ညရောက်လျှင် သူ၏မြေးများကို ပုံပြင်ပြောပြလေ့ ရှိသည်။ အမေ၏ပုံပြင်များသည် ခေတ်မမီတော့ပါ။ သို့သော် အမေက ပြောသည်။ မြေးငယ်များက တစ်ယောက်တစ်ပေါက် မေးသည်။

အမေက ယုန်နှင့်လိပ်ပုံပြင်ကို ပြောသည်။

"ဘွားဘွားကြီး၊ ယုန်က အအိပ်ကြီးတာကို ဘွားဘွားကြီး ဘယ်လိုလုပ် သိတုံး"



mgyoe.com

"ပုံပြင်ထဲမှာ ပါတာပဲကွဲ့"

"သားသားထင်တာကတော့ ယုန်က အအိပ်ကြီးလို့ ရှုံးတာ မဖြစ်နိုင်ဘူး၊ လိပ်ယောင် ဆောင်ထားတဲ့ ယုန်တစ်ကောင်က ဝင်ပြီး ပြိုင်လို့ နေမှာပေါ့။ ဘွားဘွားကြီး ဘာသိလို့လဲ၊ အဲဒီလို လိမ်ပြီး အနိုင်ယူတာတွေ အများကြီးပဲ ဘွားဘွားရဲ့"

ပုရွက်ဆိတ်နှင့် နံ့ကောင်ပုံပြင်ကို ပြောပြန်လေသည်။

"နံ့ကောင်တို့ ပုရွက်ဆိတ်တို့မှာ လူလို အသိဉာဏ်ရှိလို့လား ဘွားဘွားရဲ့"

"ရှိတာပေါ့ သားရဲ့၊ နံ့ကောင်မှာလည်း နံ့ကောင်ဉာဏ်၊ ပုရွက်ဆိတ်မှာလည်း ပုရွက်ဆိတ်ဉာဏ်ပေါ့"

"ဒါဆိုရင် သားက ပုရွက်ဆိတ်ကို မုန်းတယ်"

"ဘာလို့လဲ သားရဲ့၊ ပုရွက်ဆိတ်က ဝီရိယ ရှိတယ်လေ"

"ဟုတ်ဖူး ဘွားဘွားရဲ့၊ ပုရွက်ဆိတ်က သူခိုးပဲ။ လူတွေရဲ့ဆန်တွေ၊ အစားအစာတွေကို ခွင့်မပြုဘဲ ယူတယ်၊ ခိုးတယ်။ နံ့ကောင်က မခိုးဘူး၊ မယူဘူး။ ဘွားဘွားက သူခိုးပုရွက်ဆိတ်ကို သဘောကျတယ်ပေါ့၊ သားသားကတော့ သူခိုးပုရွက်ဆိတ်ကို မကြိုက်ဘူး"

အမေ၏ မေးများက အဲဒီလို ပေါက်ပေါက်ရှာရှာ ပြောတတ်ကြသည်။ ဒီနေ့ခေတ် လူငယ်တွေကိုး။ တချို့ကလေးများက အတွေးကောင်းသည်။ တချို့က အတွေးရဲသည်။ ဖြန့်ထွက်တွေးတတ်သည်။ ဖောက်ထွက်တွေးတတ်သည်။

ရွှေလမှာ ယုန်ဝပ်လို့ ဆန်ဖွပ်တဲ့အဘိုးအို ပုံပြင်ကို ပြောပြန်လေသည်။

"ဘွားဘွားကြီး၊ ဆန်ဖွပ်တဲ့အဘိုးအိုက ဘာလူမျိုးလဲ"

"ဘွားလည်း ဘယ်သိမလဲ မြေးရဲ့"

"ဘာလူမျိုးမှန်းလည်း မသိဘဲနဲ့ ဘွားဘွားက ဘယ်လိုလုပ်ပြီး သူ့စကား နားလည်တာတုံး"

ဘွားဘွားကြီးက သူ့မြေးတွေ မေးသမျှကို မဖြေနိုင်။ သူ့မြေးတွေက ရေဒီယို၊ ကက်ဆက်ဖြင့် ကြီးပြင်းခဲ့သူများ မဟုတ်။ တီဗွီဂိမ်းဖြင့် ကြီးပြင်းနေသူများ၊ လက်တော့ပ်ဖြင့် ယဉ်ပါးနေသူများ၊ အိုင်ပက်ပ်ဖြင့် ဆော့ကစားနေသူများ ဖြစ်သည်။ ခေတ်ချင်းမတူ။ အမြင်ချင်းလည်း မတူကြ။ သို့သော် ကျွန်တော့်အမေ၊ သူတို့



mgyoe.com

mgyoe.com SAMPLE BOOK

ဘွားဘွားကြီးက သူ၏မြေးများနှင့် စကားပြောနေရသည်ကို ကျေနပ်နေရှာသည်။

တစ်ယောက်က မေးသည်။

"လပေါ်မှာ လေမရှိဘဲ အဲဒီအဘိုးအိုက ဘယ်လိုလုပ်ပြီး အသက်ရှင်လဲ ဘွားဘွား"

နောက်တစ်ယောက်က မေးသည်။

"လပေါ်က အဘိုးအိုက ဆန်ဖွပ်တယ်ဆိုတာ မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲ ဆိုတော့ လပေါ်မှာ ရေမှ မရှိဘဲ။ ဆန်တကယ်ဖွပ်တယ်ဆိုရင် လပေါ်မှာ ရေရှိ လို့လား ဘွားဘွား။ ဆည်တွေ၊ မြစ်တွေ၊ ချောင်းတွေကော ရှိလို့လား ဘွားဘွား"

ဘွားဘွားကြီးက သူ့မြေးတွေပြောသမျှကို စိတ်မဆိုးတမ်း သူနားလည်သလို ဖြေပေးရှာသည်။

"လပေါ်ရောက်နေတဲ့ အဘိုးအိုက ဥဒ္ဒေ့စာရင်း တိုင်ရသလား ဘွားဘွား ရယ်၊ သားတို့ အခု လာပြီးလည်တာ ဥဒ္ဒေ့စာရင်း တိုင်ရတယ်လေ"

အဲဒီလို တောက်တီးတောက်တဲ့ မေးတတ်တဲ့မြေးလည်း ပါသည်။

"ဘွားဘွားကြီးရယ်၊ ယုန်က ဆန်ကိုလည်း မစားဘဲနဲ့၊ ဆန်ဖွပ်တဲ့ အဘိုးအိုနားမှာ ဘာဖြစ်လို့ ငုတ်တုတ်ထိုင်နေရတာလဲ။ ခါကျက်ဥတို့၊ မုန်လာဥတို့ ဆိုရင် ဟုတ်ဦးမယ်။ ဘွားဘွားပုံပြင်ကြီးက မဖြစ်နိုင်ပါဘူး"

အမေတို့ မြေးအဘွား ပျော်ရွှင်နေတာကိုကြည့်ပြီး ကျွန်တော့် စိတ်ထဲ တွင် ကြည်နူးနေမိသည်။

တစ်နေ့က သူ၏မြေးများကို ရာဇဝင်အကြောင်း ပြောနေပြန်သည်။

"သီပေါမင်းဆိုတာကို မြေးတို့ ကြားဖူးလား။ သူက ငါတို့ရဲ့ နောက်ဆုံး ဘုရင်ဟဲ့။ သူက စာမဖတ်ဘူး။ ဗဟုသုတ နည်းတယ်။ အသက်ငယ်ငယ်နဲ့ ဘုရင်ဖြစ်တော့ ဆုံးဖြတ်ချက် မှားတယ်"

"ဘုရင်ဆိုတာ ဘာလဲ ဘွားဘွား"

"ဘုရင်ဆိုတာ ဘုရင်ပေါ့ကွယ်။ လူတွေရဲ့ ခေါင်းဆောင်ပေါ့။ သူ့စကား ကို နားထောင်ရတယ်"

တစ်ယောက်က မေးသည်။

"ဘွားဘွားရယ်၊ ခေါင်းဆောင်ဆိုတာ လူတွေရဲ့စကားကို နားထောင်


mgyoe.com

mgyoe.com SAMPLE BOOK

ရတာလား၊ လူတွေက သူ့စကားကို နားထောင်ရတာလား"

သူ့မြေး၏ မေးခွန်းကို ဘွားဘွားကြီး ဘာမှ ပြန်မဖြေပါ။

တစ်ယောက်က မေးပြန်သည်။

"ဘုရင်ဆိုတာ လူတွေရဲ့ ခေါင်းဆောင်ဆိုရင် သူ့ရဲကောင်းတွေ၊ အာဇာနည်တွေကကော လူတွေရဲ့ ခေါင်းဆောင်လား ဘွားဘွား"

ဒီနေ့ခေတ် ကလေးများသည် တွေးရဲသည်။ မေးရဲသည်။ ရဲဝံ့သည်။ ရင်ထဲရှိတာကို ပြောရဲသည်။

နောက်တစ်ယောက်က မေးပြန်လေသည်။

"ဘုရင်ဆိုတာ သူ့ရဲကောင်းလား ဘွားဘွား"

"ဘုရင်တိုင်းကတော့ သူ့ရဲကောင်း မဟုတ်ဘူးကွဲ့။ တချို့ဘုရင်တွေကတော့ သူ့ရဲကောင်းပေါ့"

"ဒါဆိုရင် သီပေါမင်းက ဘုရင်ဆိုတော့ သူ့ရဲကောင်းဘုရင်လား ဘွားဘွား"

"သူ့ရဲကောင်းလည်း မဖြစ်ခဲ့ဘူး၊ အာဇာနည်လည်း မဖြစ်ခဲ့ဘူး"

ထိုအချိန်တွင် ကိုးတန်းတက်မည့် မြေးအကြီးကောင်က ဝင်ပြီး ပြောလေသည်။

"ဘွားဘွားကြီး၊ သားတို့ကျောင်းသင်ခန်းစာမှာ သီပေါမင်းအကြောင်း ပါတယ်၊ သီပေါမင်းက သတ္တိမရှိဘူး ဘွားဘွားရဲ့။ သူ့ကို လာပြီးဖမ်းတဲ့ 'ကာနယ်စလေဒင်'ဆိုတဲ့ အင်္ဂလိပ်စစ်ဗိုလ်ကို သားသားဆိုရင် ဓားနဲ့ ခုတ်ပစ်မှာ"

တစ်ယောက်က ဝင်ပြီးပြောသည်။

"ဟိတ်ကောင်၊ မင်းက ဓားနဲ့ခုတ်ရင် သူက သေနတ်နဲ့ ပစ်မှာပေါ့ကွ"

"ဟာ... မင်းကလည်း၊ သီပေါမင်းက 'ကာနယ်စလေဒင်'ကို ဓားနဲ့ ခုတ်လို့ 'ကာနယ်စလေဒင်' သေသွားခဲ့ရင် သီပေါမင်းက ငါတို့ရဲ့ သူ့ရဲကောင်း ဖြစ်ပြီကွ။ အဲဒီလို မဟုတ်ဘဲ 'ကာနယ်စလေဒင်'က သီပေါမင်းကို သေနတ်နဲ့ ပစ်လို့ သီပေါမင်း သေသွားခဲ့ရင်လည်း သီပေါမင်းဟာ ငါတို့ရဲ့ အာဇာနည်ကွ"

အမေတို့ မြေးအသွားတစ်သိုက် သီပေါမင်းအကြောင်း ပြောနေသည်ကို အဝေးမှကြည့်ရင်း နားထောင်နေပြီး ကျေနပ်နေမိသည်။


mgyoe.com

"အေးကွဲ့၊ မြေးပြောသလိုဆိုရင် သီပေါမင်းက သူ့ရဲကောင်း ဖြစ်ခွင့်လည်း ကြုံတယ်၊ အာဇာနည်ဖြစ်ခွင့်လည်း ကြုံတယ်၊ သူ မသိခဲ့ဘူး၊ သူ အသုံး မချခဲ့ဘူး"

"သူ့ရဲကောင်းဆိုတာ ဘာလဲ ဘွားဘွား"

"သူ့ရဲကောင်းဆိုတာ လူအများအတွက် ရဲဝံ့သူ၊ လူအများ ကောင်းစားရေး အတွက် အလုပ်၊ လုပ်သူကို ခေါ်တယ်ကွဲ့"

"ဒါဆိုရင် သီပေါမင်းက ကျွန်တော်တို့ ကောင်းစားရေးအတွက် ရဲရဲဝံ့ဝံ့ အလုပ် မလုပ်ခဲ့ဘူးပေါ့"

မြေးငယ်တစ်ယောက်က မေးပြန်သည်။

"ဒါဖြင့်ရင် အာဇာနည်ဆိုတာ ဘာလဲ ဘွားဘွားကြီး"

"အာဇာနည်ဆိုတာ အများအတွက် ကိုယ်ကျိုးမဖက်ဘဲ အသက်စွန့် ဝံ့တဲ့သူကို ခေါ်တာ"

"သီပေါမင်းက ဘာဖြစ်လို့ အများအတွက် အသက်မစွန့်ဝံ့တာလဲ ဘွားဘွား"

ဘွားဘွားကြီးက မဖြေ။ မြေးအကြီးကောင်တစ်ယောက်က ဖြေသည်။

"ဟိတ်ကောင်ရ၊ မင်းမှတ်ထား၊ အများအတွက် မစဉ်းစားလို့ပေါ့ကွ။ ကိုယ့်အတွက် စဉ်းစားတဲ့သူတွေက အသေမခံရဲဘူး၊ အများအတွက် စဉ်းစားတဲ့ သူတွေက အသေခံရဲတယ်"

သူ့မြေးအကြီးကောင်၏ အဖြေကို သူ့အဘွားက တအံ့တသြဖြင့် နားထောင် နေရှာသည်။

"ဘွားဘွားကြီး၊ သီပေါမင်း ပါတော်မူတယ်ဆိုတာ ဘာလဲဗျ"

"ပါတော်မူတယ်ဆိုတာ အပေါ့အပါးသွားတာ မဟုတ်ဘူး။ အိမ်သာ တက်တာ မဟုတ်ဘူး၊ အင်္ဂလိပ် ဖမ်းသွားတာကို ပြောတာ"

"ဘယ်လမ်းက ဖမ်းသွားတာလဲ ဘွားဘွားရဲ့"

"၃၅ လမ်းပေါ့ဟယ်၊ ဟိုးအနောက် ဂေါဝိန်မြစ်ဆိပ်ကို ဖမ်းသွားတာ"

"ဘာလို့ မန္တလေးသူ၊ မန္တလေးသားတွေက ဘုရင်ကို ပြန်ပြီး မလုတာလဲ"

ရန်ကုန်မှာမွေးတဲ့ ရန်ကုန်သား မြေးငယ်တစ်ယောက်က ဝင်ပြီးပြောသည်။



mgyoe.com

mgyoe.com SAMPLE BOOK

"မန္တလေးသားတွေက ကြောက်တွေကွ၊ ဝင်ပြီးလုရင် ရရက်သားနဲ့ အလကား ကြောက်နေကြတယ်"

"မြေးရဲ့၊ အဲဒီလို မပြောရဘူး။ မန္တလေးသူ၊ မန္တလေးသားတွေက သတ္တိရှိတယ်၊ မြန်မာပဲဟယ်...သတ္တိ ဘယ်နည်းမလဲ"

ရန်ကုန်သား မြေးငယ်တစ်ယောက်က ဝင်ပြောပြန်သည်။

"မန္တလေးသားတွေ သတ္တိနည်းရင် နည်းတယ်ပေါ့ ဘွားဘွားရယ်"

"ဒီလို မပြောရဘူး၊ ဒီလို မတွေးရဘူး မြေးရဲ့။ အဲဒီ အချိန်တုန်းက သီပေါကိုယ်တော်လေးရဲ့ လုပ်ရပ်တွေကြောင့် တိုင်းသူပြည်သားတွေက ဘုရင်ကို အလိုမကျဘူး၊ မုန်းနေကြတယ်။ ဘုရင်က မောင်နှမတွေကို သတ်တယ်လို့ နန်းတော်အပြင်မှာ လူအများက ပြောနေကြတယ်။ သတ်လိုက်တာလည်း အများကြီးပဲ။ မင်းတုန်းမင်းကြီးမှာ သားသမီးတွေ အများကြီးရှိတာကိုး။ အဲဒါတွေ အားလုံးကို သတ်ပစ်တာတဲ့။ တချို့လည်း ကြောက်လို့ ထွက်ပြေးတယ်တဲ့။ ညီအစ်ကို အချင်းချင်း သတ်ကြတာ။ တကယ် ရက်စက်တယ်။ အဲဒီလို ရက်စက်တဲ့ဘုရင်ကို လူတွေက မချစ်ကြဘူး။ ပြည်သူလူထုအကျိုးကို မကြည့်ဘဲ ကိုယ်ဘုရင်ဖြစ်ရေးကိုသာ ရှေ့တန်းတင်တဲ့အတွက် သီပေါကိုယ်တော်လေးကို မန္တလေးသူ၊ မန္တလေးသားတွေက မနှစ်မြို့ကြဘူး။ အင်္ဂလိပ်တွေ ဝင်လာတော့ ဒီတိုင်းပဲ ကြည့်နေကြတယ်။ အင်္ဂလိပ်တွေကလည်း ဘင်သံတွေတီးပြီး အေးအေးဆေးဆေးပဲ ဝင်လာတာ။ ပြီးတော့ အေးအေးဆေးဆေးပဲ။ ကြက်ကလေး၊ ငှက်ကလေး ဖမ်းရတာမှ ခက်ဦးမယ်။ သီပေါမင်း ပါသွားရော။ ဒီတော့ မြေးရယ်၊ ကိုယ်မချစ်တဲ့ဘုရင်၊ ကိုယ်မုန်းတဲ့ ခေါင်းဆောင်၊ ကိုယ်မနှစ်သက်တဲ့လူကို ဖမ်းသွားတော့ မန္တလေးသူ၊ မန္တလေးသားတွေက အေးအေးဆေးဆေးပဲ ကြည့်နေလိုက်ကြတယ်လို့ ဘွားဘွား ထင်တယ်။ သီပေါကိုယ်တော်လေးနေရာမှာ ညောင်ရမ်းကိုယ်တော်တို့၊ ညောင်အုပ်ကိုယ်တော်တို့ဆိုရင်တော့ ဘယ်ပြောကောင်းမလဲကွယ်။ သူတို့ကို ပြည်သူတွေက ချစ်တယ်။ မန္တလေးသူ၊ မန္တလေးသားတွေက ချစ်တယ်၊ အားကိုးတယ်။ သူတို့ ဆိုရင်တော့ အသက်ပေးပြီးကို လုမှာ သေချာတယ်။

ပြည်သူပြည်သားဆိုတာ ကိုယ်ချစ်တဲ့ ခေါင်းဆောင်အတွက် အသက်ပေးဖို့လည်း ဝန်မလေးကြဘူး။ ကိုယ်လိုလားတဲ့ ခေါင်းဆောင်အတွက် ဘာလုပ်


mgyoe.com

mgyoe.com
SAMPLE BOOK


ပေးရ၊ပေးရဆိုတဲ့ စိတ်ဓာတ်လည်း ရှိကြတယ်။ လူဆိုတာ ကိုယ်မနှစ်သက်တဲ့ ကိုယ်မကြည်ဖြူတဲ့၊ ကိုယ်မလိုလားတဲ့ ခေါင်းဆောင်တွေဆိုရင် သူတို့နဲ့ မပူးပေါင်းဘူး သူတို့ခိုင်းသမျှကို စိတ်မပါဘဲ ဝတ်ကျေတမ်းကျေ လုပ်တယ်။ အရွဲ့တိုက်တယ် ဒီဖြစ်ရပ်ကို ကြည့်လေ၊ မန္တလေးသူ၊ မန္တလေးသားတွေ အရွဲ့တိုက်လိုက်ကြတာ ကျွန်ကို ဖြစ်သွားရော"

အမေက အဲဒီလို စကားကြောရှည်နေတော့ မြေးတွေက အိပ်ပစ်လိုက ကြသည်။

သူ့မြေးတွေကို ခြင်ကိုက်မှာစိုး၍ ယပ်တောင် တဖျပ်ဖျပ် ခပ်နေရှာင အမေ့ကိုကြည့်ပြီး ကျွန်တော့်စိတ်ထဲတွင် ပို၍ ချစ်လာနေမိသည်။

တစ်နေ့ မနက်မှာတော့…

အမေ၏မြေးတစ်သိုက် ထမင်းစားရင်း စကားများကြသည်။

"ဘွားဘွားကြီးက မတရားဘူး၊ အငယ်မ 'ချစ်ပေါက်'ကိုတေ ကြက်သားဟင်းကို ရင်အုပ်ထဲည့်ပေးတယ်။ 'ချစ်တိုး'ကိုကျတော့ ပေါင်သာ ကျွေးတယ်၊ 'မီးသား'ကိုကျတော့ ကြက်မြစ်ကြက်သည်း ကျွေးတယ်။ သားသားဒ ကျတော့ ဖင်ပိုင်းနားက အသားကိုပဲ ကျွေးတယ်"

"ဟော့ကောင်၊ မင်းက တော်သေးတယ်၊ ငါ့ကျတော့ ရင်အုပ်နားဒ အရိုးပဲကျွေးတာ။ ဘွားဘွားကြီးက မျက်နှာလိုက်တယ်"

အမေက စိတ်မဆိုးဘဲ သူ့မြေးများ၏ပြဿနာကို ပြေလည်အောင် ရှင်းပေးနေရှာသည်။ ထိုနေ့က နေ့လယ်စာကို 'ကြက်သားရေကျိုချက်' အမေဒ ချက်သည်။ အဝေ မတည့်ကြ။

အမေက သူ့မြေးများကို အသားကျွေးသည်။ ကောင်းပေ့ ညွန့်ပေ့ဆိုတ တွေကို ကျွေးသည်။ အမေကတော့ ကြက်ခြေထောက်ရိုးကိုသာ စားသည်။ အမေ့တွ သွားကောင်းကောင်း မရှိတော့။ သို့သော် ကြက်ခြေထောက်ရိုးကိုသာ ပျော်ပျော်ဂြ စားသည်။

နေ့ခင်းဘက်တွင် သူ၏မြေးများ တစ်ရေးတစ်မော အိပ်ကြသည်။ အမေနှ ကျွန်တော် စကားပြောဖြစ်သည်။

"အမေရယ်၊ အသက်လည်း ကြီးပါပြီ။ ကြက်သားဟင်းချက်တာ


mgyoe.com

mgyoe.com  SAMPLE BOOK 

ရင်အုပ်လေး၊ ပေါင်လေးစားပါ အမေရဲ့၊ အားရှိအောင်လို့"

အမေက ဘာမှ ပြန်မပြောဘဲ ပြုံး၍ နေရှာသည်။

"ကျွန်တော် မှတ်မိသလောက်တော့ အမေရယ်၊ ကြက်သားဟင်း ချက်တိုင်း အသားစားတာ မတွေ့ဖူးဘူး၊ လည်ပင်းရိုးပဲ စားတယ်။ တောင်ပံရိုးပဲ စားတယ်။ ခြေထောက်ရိုးပဲ စားတယ်။ အရိုးနားကပ်နေတဲ့ အသားက ပိုပြီး ချိုတယ်ဆိုလို့ ကျွန်တော်လည်း စားကြည့်ပါတယ် အမေရယ်။ ချိုဖို့နေနေသာသာ ဘာအသားမှ ကိုက်လို့၊ စားလို့ မရပါဘူး အမေရဲ့"

အမေက ကျွန်တော့်ဦးခေါင်းကို ပုတ်လိုက်လေသည်။

"ဒီမယ်သားရဲ့၊ အမေက လူကြီးလေ။ ဒီအိမ်မှာ အကြီးဆုံးလေ။ အိမ်ရဲ့ခေါင်းဆောင်လေ။ ခေါင်းဆောင်ဆိုတာ အနစ်နာခံရတယ်ကွဲ့"

အမေက စကားပြောရင်း အိမ်နံရံတွင် ချိတ်ထားသော ဗိုလ်ချုပ်အောင်ဆန်း ၏ ဓာတ်ပုံကို လှမ်းပြီး ကြည့်လိုက်သည်။

"သား စဉ်းစားမိရဲ့လား။ ဗိုလ်ချုပ်အောင်ဆန်းကို အမေတို့ ဘာဖြစ်လို့ ချစ်တာလဲ၊ အနစ်နာခံလို့ မဟုတ်ဘူးလား သားရဲ့။ ဘယ်လောက်အထိများ အနစ်နာခံခဲ့သလဲဆိုရင် လွတ်လပ်ရေးရဖို့ တရုတ်ပြည်လည်း သွားခဲ့တယ်၊ ဂျပန်ပြည်လည်း သွားခဲ့တယ်။ ပြန်လာတော့လည်း စစ်တိုက်ရတယ်။ ပြီးတော့ လွတ်လပ်ရေးအတွက် အင်္ဂလိပ်အစိုးရနဲ့ အချေအတင် စကားတွေ ပြောရတယ်။ အဝတ်အစားတောင် သုံးလေးထည်ပဲ ရှိတယ်လို့ အမေတို့ သိရတယ်။ တိုင်းပြည် ခေါင်းဆောင်သာ ပြောတာပါကွယ်၊ အိမ်ကောင်းကောင်း၊ ကားကောင်းကောင်း၊ အစားအသောက်ကောင်းကောင်း သူမှာ နေမသွားရ၊ စီးမသွားရ၊ စားမသွားရရှာပါဘူး။ အခုဆိုရင် ဗိုလ်ချုပ်အောင်ဆန်းရဲ့အကြောင်း စာအုပ်တွေ အပြင်မှာ ဖတ်လို့ ရနေပြီပဲ၊ သားလည်းသိမှာပါ"

အမေက စိတ်ပါလက်ပါဖြင့် ကျွန်တော့်ကို ပြောနေရှာသည်။ ဗိုလ်ချုပ် အောင်ဆန်းအကြောင်းကို ကျွန်တော် လက်လှမ်းမီသလောက် ဖတ်ရှုဖူးပါသည်။ ဗိုလ်ချုပ်၏ရိုးသားမှု၊ တည်ကြည်မှု၊ ပြတ်သားမှု၊ ရဲရင့်မှုတို့ကို ကျွန်တော် နှစ်သက်သည်၊ သဘောကျသည်။

"ဒီမယ် သားရဲ့၊ ဗိုလ်ချုပ်အောင်ဆန်းက ကျဆုံးသွားတယ်။ သူကျဆုံး



mgyoe.com

သွားတဲ့အချိန်မှာ သူ့မိသားစုအတွက် မြေတစ်ကွက် မထားခဲ့နိုင်ဘူး။ မိသားစု နောင်ရေးအတွက် ဘာလုပ်ငန်းမှလည်း ထူထောင်မပေးခဲ့ဘူး။ မြန်မာနိုင်ငံရဲ့ မြေစာရင်း ဌာနမှာ ဗိုလ်ချုပ်အောင်ဆန်းနာမည်နဲ့ မြေဂရန် မရှိဘူး။ တိုက်တွေ၊ အိမ်တွေ၊ နန်းတော်တွေ၊ စိန်တွေ၊ ရွှေတွေဆိုတာ ဝေးရော။ ဗိုလ်ချုပ် ကျဆုံးသွားတော့ သူတို့မိသားစုက ပန်းစိုက်ပြီး အသက်မွေးခဲ့တယ်လို့ အမေ ဖတ်ဖူးတယ်။ ဗိုလ်ချုပ်က တိုင်းပြည်အတွက် တကယ်အနစ်နာခံခဲ့တဲ့ ပုဂ္ဂိုလ်ကွဲ့။ အဲဒီလို အနစ်နာခံခဲ့လို့ သူ့ကို ဒီကနေ့အထိ လွမ်းပြီး ချစ်နေကြတာလေ။ ကြက်သားဟင်းလိုပြောရင် တို့ဗိုလ်ချုပ်ဟာ ရင်အုပ်တွေ၊ ပေါင်တွေ စားဖို့နေနေသာသာ ခြေထောက်ရိုး၊ တောင်ပံရိုးတောင် စားခွင့် ရမသွားရှာပါဘူး သားရယ်''

အမေက ဆွေးဆွေးမြည့်မြည့်ကြီး ပြောနေရှာသည်။

''မိခင် ဖခင်ဆိုတာ အိမ်ရဲ့ခေါင်းဆောင်။ ခေါင်းဆောင်ကောင်းဆိုတာ အနစ်နာခံရတယ်။ အခွင့်အရေးရရင်တောင် မယူရဘူး။ ကိုယ်ချင်းစာတရား ထားရ တယ်။ မေတ္တာနဲ့ လောကကြီးကို ဆက်ဆံရတယ်။

ဒီလိုပဲ ငါ့သား… ခေါင်းဆောင်ကောင်းဆိုတာ…

ငွေကြေးချမ်းသာဖို့ထက် ဂုဏ်သိက္ခာချမ်းသာဖို့က ပိုပြီး အရေးကြီးတယ်။

ခေါင်းဆောင်ကောင်းဆိုတာ အုတ်ရိုးနဲ့တည်ဆောက်ထားတဲ့ နန်းတော်ကြီး ပိုင်ဆိုင်ဖို့ထက် ပြည်သူ့နှလုံးသားနဲ့ တည်ဆောက်ထားတဲ့ မေတ္တာနန်းတော်ကြီး ပိုင်ဆိုင်ဖို့ ပိုပြီး အရေးကြီးတယ်။

ခေါင်းဆောင်ကောင်းဆိုတာ စိန်တွေ၊ ရွှေတွေ စီခြယ်ထားတဲ့ သရဖူကို ဦးခေါင်းမှာ ဆင်မြန်းဖို့ထက် အကျင့်သီလ သန့်စင်ခြင်းဆိုတဲ့ ခေါင်းပေါင်းကိုသာ ဦးခေါင်းမှာ ဆင်မြန်းဖို့ ပိုပြီး အရေးကြီးတယ်။

ခေါင်းဆောင်ကောင်းဆိုတာ ကိုယ်မွေးထားတဲ့ သားသမီးတွေက ကိုယ့်ကိုချစ်ဖို့ထက် တိုင်းသူ ပြည်သားတွေက ကိုယ့်ကိုချစ်ဖို့ ပိုပြီး အရေးကြီးတယ်။

ဒီတော့ သားရယ်…

ခေါင်းဆောင်ကောင်းဆိုတာ စားရကံကြုံခဲ့ရင်လည်း အရိုးအရင်းပဲ စားရတယ်ကွဲ့။ ရင်အုပ်တွေ၊ ပေါင်တွေစားနေပြီး ခေါင်းဆောင်ကောင်းဖြစ်ချင်လို့ ဘယ်ရမလဲကွယ်၊ သားပဲ စဉ်းစားကြည့်ပါ''



mgyoe.com

mgyoe.com SAMPLE BOOK

အမေက အိပ်မောကျနေသော သူ၏ခြေများကို ယပ်တောင်ခတ်ပေးနေရှာသည်။ ထိုနေ့က မီးမလာပါ။

အမေပြောသည့် 'ကြက်ရိုးဒဿန' သည် တကယ်တော့ ရိုးရိုးလေးပါ။

အရိုးစားတိုင်း အရိုးမစူးကြပါ။

အသားစားပြီး အရိုးစူးနေကြတဲ့သူတွေ ကျွန်တော်တို့ခေတ်သမိုင်းမှာ အများကြီးပါလားလို့ တွေးနေမိသည်။

ဩော်...

ခေါင်းဆောင်တောင်းဆိုတာ အရိုးစားပေမယ့် အရိုးမစူးကြပါလားဗျာ။

မဟောသီမဂ္ဂဇင်း

■

mgyoe.com

m.gyoe.com

SAMPLE BOOK

# သစ်တိုင်းကျိုး



mgyoe.com

mgyoe.com SAMPLE BOOK

ငါ့အဘွားက
ပါးစပ်ကနေပြီး
မေတ္တာပို့တယ်။
လက်ထဲမှာတော့
ခြင်ရိုက်တဲ့
လျှပ်စစ်ဘက်တံကို
ကိုင်ထားတယ်ဟာ။

mgyoe.com

mgyoe.com SAMPLE BOOK

# သစ်ကိုင်းကျိုး

တစ်ပတ်မှာ (၃)ရက် လမ်းလျှောက်ဖြစ်တယ်။

တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့ မနက်တိုင်း စာမသင်ဘူး။ မနက် (၄)နာရီ ထတယ်။ (၅) နာရီကျော်ကျော်ဆိုရင် လမ်းလျှောက်ဖြစ်တယ်။

ကျွန်တော်က လမ်းလျှောက်ရင်းနဲ့ သီချင်းဆိုတတ်တယ်။ ဘုရားစာတွေ ဘာတွေ ရွတ်လေ့ရွတ်ထ မရှိပါဘူး။ ရေဒီယိုလည်း နားမထောင်တတ်ဘူး။ ကျွန်တော်နဲ့အတူတူ လမ်းလျှောက်ဖော် လမ်းလျှောက်ဖက်လည်း မရှိပါဘူး။

ဘာကြောင့်လဲဆိုတော့ မနက်အစောကြီးမှာ အာရုံမနှောက်ချင်လို့ပါ။ လူတွေနဲ့ စကားပြောရင် တစ်ခုမဟုတ် တစ်ခု နားအဆိပ်သင့်တယ်။

မနက်မနက်မှာ လမ်းလျှောက်ကြတဲ့သူ တော်တော်များများဟာ ဘုရားစာ ရွတ်လေ့ရွတ်ထ ရှိတယ်။ (၂၄)ပစ္စည်း ပဋ္ဌာန်းတော်ကို ရွတ်ဖတ်ကြတယ်။ မင်္ဂလသုတ်တော်ကို ရွတ်ဖတ်ကြတယ်။ မေတ္တာသုတ်တော်ကို ရွတ်ဖတ်ကြတယ်။ တချို့များကျတော့ ရေဒီယို နားထောင်ကြတယ်။

ကျွန်တော်ကတော့ သီချင်းဆိုတယ်။ သီချင်းညည်းတယ်။ လူတွေက ကျွန်တော့်ကိုတော့ ဘုရားစာတစ်ခုခုကို ရွတ်ဆို နေတယ်လို့ ထင်ကြမှာပဲ။



mgyoe.com